# COVID-19 ကမ္ဘာ့ကပ်ရောဂါ ဆိုးရွားစွာခံစားနေကြရသော ပြည်သူထုထုများအား စစ်ဘေးဒဏ်ကိုပါ နောက်ထပ်မခံစားကြစေရန် ညီနောင်မဟာမိတ် (၃) ဖွဲ့၏ တိုက်တွန်းနှိုးဆော်သည့် သဘောထားထုတ်ပြန်ကြေညာချက်

အမှတ်၊ (၀၄/၂၀၂၁)
၂၀၂၁ ခုနှစ်၊ စက်တင်ဘာလ (၄) ရက်

မြန်မာပြည်တဝှန်းလုံးရှိ ပြည်သူလူထုတစ်ရပ်လုံးသည် COVID-19 ကမ္ဘာ့ကပ်ရောဂါ၏ တတိယလှိုင်းဒဏ်ကို အပြင်းအထန်ခံစားခဲ့ကြရပြီးဖြစ်ပါသည်။ ရောဂါကူးစက်ခံရသူ၊ ကိုရိုနာရောဂါပိုးကူးစက်ခံရပြီးနောက် သေဆုံးသူအရေအတွက်တို့မှာ တတိယလှိုင်းအကျဖက်သို့ရောက်နေသည့်တိုင် ယနေ့အထိ ဆက်လက်ရှိနေဆဲဖြစ်ပါသည်။ အခြားတစ်ဖက်တွင် ရောဂါပိုး ဗီဇမျိုးကွဲအသစ်များ ထပ်မံတွေ့ရှိနေရသည်ဟူသော သတင်းမှာလည်း အထူးသတိထားရမည့်အခြေအနေဖြစ်ပါသည်။ COVID-19 ကမ္ဘာ့ကပ်ရောဂါအား မြန်မာပြည်အနှံ့ရှိ ပြည်သူလူထုတစ်ရပ်လုံးမှ ဆိုးရွားစွာခံစားလိုက်ရခြင်းနှင့်အတူ မြန်မာပြည်တန်တလျား၌ ဖြစ်ပွားနေသော တိုက်ပွဲများ၊ မြို့ပြပြောက်ကျားတိုက်ပွဲများကြောင့် စစ်ဘေးဒဏ်၏ရိုက်ခတ်မှုနှင့် နောက်ဆက်တွဲများကိုပါ ဆိုးရွားစွာကြုံတွေ့လျက်ရှိပါသည်။

မြန်မာ့တပ်မတော်မှ ဖေဖော်ဝါရီလ (၁) ရက်နေ့၌ နိုင်ငံ့အာဏာကိုသိမ်းပြီးနောက်ပိုင်း ငြိမ်းချမ်းစွာဆန္ဒထုတ်ဖော်သူများအား အကြမ်းဖက်ဖြိုခွင်းသတ်ဖြတ်ချေမှုန်းသည့်လုပ်ရပ်များကြောင့် လက်နက်ကိုင်တော်လှန်ရေးကို မလွဲမရှောင်သာဖော်ဆောင်လာသည့် အစုအဖွဲ့များမှာ ပြည်နယ်၊ တိုင်းအနှံ့ တိုးများလာခဲ့ပြီး တိုက်ပွဲများ နေ့တိုင်းနီးပါးဖြစ်ပွားကာ ပြည်တွင်းစစ်မီးသည်လည်း ပိုမိုတောက်လောင်လာနေပါသည်။ ကယား၊ ချင်း၊ ကချင်၊ ကရင်၊ တအာင်း၊ ကိုးကန့်၊ ရခိုင်၊ ရှမ်းအစရှိသော ဒေသများ နှင့် စစ်ကိုင်း၊ မကွေး၊ မန္တလေး၊ တနင်္သာရီ အစရှိသောဒေသများသို့ မြန်မာ့တပ်မတော်သည် စစ်အင်အားများ တိုးမြှင့်ခြင်း၊ ပိုမိုလှုပ်ရှားခြင်း၊ ထိုးစစ်ဆင်တိုက်ခိုက်ခြင်း၊ လက်နက်ကြီးများဖြင့် ရပ်ရွာများအတွင်း ရမ်းသမ်းပစ်ခတ်တိုက်ခိုက်ခြင်းတို့အပြင် အပြစ်မဲ့ပြည်သူလူထုများကို ဖမ်းဆီးခြင်း၊ သတ်ဖြတ်ခြင်းတို့ကို မြန်မာ့တပ်မတော်မှ ဆက်လက်လုပ်ဆောင်လျက်ရှိနေသောကြောင့် အဆိုပါဒေသများ၌ နှစ်ဖက်တိုက်ပွဲများ ဆက်လက်တိုးပွားလျက်ရှိပါသည်။

COVID-19 ကမ္ဘာ့ကပ်ရောဂါ၏ တတိယလှိုင်း၌ ရောဂါကူးစက်ခံရမှုနှုန်း၊ သေဆုံးမှုနှုန်းများကို အချိန်မီ ထိန်းချုပ်ကာကွယ်နိုင်ရန်၊ COVID-19 ကာကွယ်ဆေးထိုးသင့်သူများအားလုံး အချိန်မီထိုးနှံနိုင်ရန်၊ ကြိုတင်ကာကွယ် တားဆီးရေးလုပ်ငန်းများကို အိမ်နီးနားချင်းနိုင်ငံများ၊ ကမ္ဘာ့ကိုဗစ်ဆိုင်ရာ အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်နိုင်ရန် အရေးတကြီးလိုအပ်နေပါသည်။ ဤကဲ့သို့ဆောင်ရွက်နိုင်ရန်အတွက် မြန်မာပြည်တန်တလျား၌ဖြစ်ပွားနေသော ပြင်းထန်တိုက်ပွဲများကို လက်တွေ့ကျကျလျှော့ချနိုင်ရန် လိုအပ်ပေလိမ့်မည်။ ယခုထက်ပိုမိုသော စစ်ဘေးဒဏ်ကို ဆိုးဝါးစွာခံစားရမည့်အရေးကို ရှောင်လွှဲနိုင်ရန်အတွက် သက်ဆိုင်ရာ တာဝန်ရှိ အစုအဖွဲ့များအားလုံး စဉ်းစားအဖြေရှာဆောင်ရွက်သင့်ကြောင်း ထောက်ပြလိုပါသည်။

ထို့ကြောင့် မိဘပြည်သူများ၏ လုံခြုံရေးအရပ်ရပ်ကိုထိပါးစေမည့် စစ်ရေးလှုပ်ရှားခြင်း၊ စိုးရိမ်ကြောင့်ကြမှုကိုရစေမည့် အပြုအမူများကို အတတ်နိုင်ဆုံးလျှော့ချခြင်း၊ ရှောင်ကြဉ်ခြင်း၊ ရပ်တန့်ခြင်းများကို ပြုလုပ်ကြပါရန် သက်ဆိုင်ရာလက်နက်ကိုင်အဖွဲ့အစည်းများ၊ အစုအဖွဲ့များအားလုံးကို မိမိတို့ ညီနောင်မဟာမိတ် (၃) ဖွဲ့မှ တိုက်တွန်းနှိုးဆော်သည့် သဘောထားအား ထုတ်ပြန်ကြေညာအပ်ပါသည်။

ညီနောင်မဟာမိတ် (၃) ဖွဲ့

| MNTJP/MNDAA | PSLF/TNLA | ULA/AA |
|---|---|---|
| မြန်မာနိုင်ငံအမှန်တရားနှင့်တရားမျှတသော အမျိုးသားပါတီ/မြန်မာအမျိုးသားဒီမိုကရက်တစ် မဟာမိတ်တပ်မတော် | ပလောင်ပြည်နယ်လွတ်မြောက်ရေးတပ်ဦး/ တအာင်းအမျိုးသားလွတ်မြောက်ရေး တပ်မတော် | ရက္ခိုင်အမျိုးသားအဖွဲ့ချုပ်/ ရက္ခိုင့်တပ်တော် |